JOURNALIST PUBLISHING

# မျှော်ဝန်းကြည်မြင်



# ဂီတဖြင့် တိုက်ပွဲဝင်နေရသူ မော်ဝန်းကြည်မြတ်

မြားအစင်းစင်းတဲ့။ စာမူများမဖတ်ရခင် စာအုပ်အမည်ကလေးကို ဖတ်ရသည်တွင် ရင်ခုန်မိတော့သည်။ မှန်ပါသည်။ စာရေးသူများသည် စာဖတ်သူကို ရင်ခုန်ဖွယ်ရာ သုတရသအနုအလှတို့ကို ပေးစွမ်းချင်ကြ သည်။ သစ်ရွက်ကြွေသံ၊ လေတိုက်သံနှင့် မိုးစက်မိုးပေါက်များကျသံ စသည်တို့ကို ကဗျာဆန်ဆန် ရေးဖွဲ့တင်ဆက်ချင်ကြသည်။ သို့သော် ကျွန်တော်တို့သည် ဤ အနုရှုအလှတို့ကို မခံစားနိုင်ကြတော့။ ဤခံစား ချက်များ ပေါ်ထွက်လာအောင် လှုပ်နှိုး၍မရတော့။ ယင်းတို့အစား ကျွန်တော်တို့ရင်ထဲတွင် တက်ခေါက်သံ၊ အံကြိတ်သံ၊ အားမတန်မာန် လျှော့၍ သက်ပြင်းချသံများသာ ပြည့်လျှံနေတော့သည်။ ကျွန်တော် တို့သည် လရောင်အောက်တွင် အလွမ်းတေးများကို သီဆိုနေမည့်အစား နေပူရှိန်ကြောင့် အငွေ့ပျံနေသော ကတ္တရာလမ်းများပေါ်တွင် ကလောင် လက်နက်ဆွဲကိုင်၍ ''ညာသံပေး'' တိုက်ပွဲဝင်နေကြရသည်။

ဆရာမော်ဝန်းကြည်မြတ်သည်လည်း ထိုနည်းလည်းကောင်း။ ထို နည်းလည်းကောင်း။

ဆရာမော်ဝန်းကြည်မြတ်သည် ရသစာပေသမားတစ်ဦးဖြစ်သည်။ ဆရာရေးသားထုတ်ဝေပြီးသော စာအုပ်စာရင်းကိုကြည့်၍ ဤစကား မှန်ကန်ကြောင်း သက်သေပြနိုင်သည်။

ဆရာသည် စာပေသမားတစ်ဦးသာမက ဂီတသမားတစ်ဦးလည်း

ဖြစ်သည်။ သီချင်းများစွာ ရေးစပ်နိုင်သူတစ်ဦးဖြစ်သကဲ့သို့ ကိုယ်တိုင်လည်း သီဆိုနိုင်သူဖြစ်သည်။ ထိုမျှသာမကသေး ကြိုးတပ်တူရိယာများကိုလည်း တီးခတ်နိုင်သူ တစ်ဦးဖြစ်နေပြန်သည်။

ထို့ကြောင့်ပင် ဆရာ၏ ဆောင်းပါးအများစုတွင် ဂီတနှင့် ဆက်နွှယ်သော အကြောင်းအရာများ ပါဝင်နေသည်မှာ အဆန်းမဟုတ်တော့ပေ။ ဆန်းသည်မှာ ဤသီချင်းများအပေါ် ရှုမြင်သုံးသပ်ပုံဖြစ်သည်။

ကျွန်တော်သည်လည်း ဂီတဝေဖန်ရေး ဟိုတစ်စ ဒီတစ်စ ရေးဖူးသည်။ နားလည်လှလွန်း၍တော့မဟုတ်။ စာသားများဆိုသော အကြောင်းနှင့် သီချင်း တစ်ပုဒ်စ နှစ်ပုဒ်စအပေါ် ကျွန်တော်၏ ခံစားမှုများ၊ အတွေးအမြင်များ။

ဆရာသည်ကား ဤသို့မဟုတ် ဂီတကိုမြတ်နိုးသူ၊ ဂီတကို နားလည်သူ၊ ဂီတကို ကျွမ်းကျင်ပိုင်နိုင်သူဖြစ်သည်။ ထို့ကြောင့် ဆရာ၏ ဂီတအပေါ်အကဲဖြတ်ပုံ၊ သုံးသပ်ပြပုံများမှာ ထိမိသည်။ ပြောင်မြောက်သည်။ ရှင်းလင်းသည်။

ဥပမာ ''ဗိုလ်ရှုသဘင်သီချင်းကို ပြန်လည်ခံစားကြည့်ခြင်း''တွင်ကြည့်။ ကျွန်တော်တို့သည် အမှောင်ခေတ်မတိုင်မီက ဗိုလ်ရှုခံပွဲများကို သိမီလိုက်သူများ ဖြစ်သည်။ ပြည်သူတစ်ဦးအနေနှင့်လည်း ပါဝင်ဆင်နွှဲခဲ့ဖူးသည်။ ဗိုလ်ရှုခံပွဲနှင့် ဆက်နွှယ်သော သီချင်းစာသားများကိုလည်း ဆိုညည်းခဲ့ကြဖူးသည်။ အဓိပ္ပာယ် အကုန်အစင် နားလည်လှ၍တော့မဟုတ်၊ ယခု ဆရာက သုံးသပ်ပြပြီး အနက်အဓိပ္ပာယ် ဖွင့်ပြလိုက်သောအခါ ''သြော် ...ဒီလိုပါလား''ဟု နားလည်လိုက်ရသည်။

ထိုစဉ်က ပြည်သူနှင့် တပ်မတော်သည် လက်တွဲကြည်ဖြူခဲ့ကြသည်။ တပ်မတော်သည် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်ခဲ့သည်။ ဤသည်ကို

ယခုခေတ်လူငယ်များ လက်ခံယုံကြည်ကြမည်မဟုတ်။ ဘယ်သူမပြု မိမိမှုသာဖြစ်သည်။ ကိုယ်စိုက်သောအပင်ကို ကိုယ်ကိုယ်တိုင် ရိတ်သိမ်းရခြင်းဖြစ်သည်။ လူကိုသာ ညာ၍ရသည်။ အချိန်ကို ညာ၍မရ။ ဖုံးဖိထား၍မရ၊ တုပ်နှောင်ထား၍လည်း မရ။

''ဘကြီးအောင်ပေါင်းများစွာ''ကိုလည်း ကြည့်ပါဦး။ ကျောင်းသားများ၏ ''ဒီမိုကရေစီပညာရေး''နှင့် အစိုးရ၏ ''အမျိုးသားပညာရေး''။ တစ်နည်းပြောရသော် ကျောင်းသားနှင့် ဘကြီးအောင်တို့၏ အဖြစ်အပျက်က လာရောက်တိုက်ဆိုင်နေပြန်သည်။

ကျွန်တော်တို့ လူပျိုပေါက်အရွယ်က ''ဘကြီးအောင်ညာတယ်''သီချင်း ခေတ်စားခဲ့သည်။ ဤသီချင်းသည် ဆရာမင်းသုဝဏ်၏ ၁၉၃၂ ခုနှစ်က ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်းတွင် ရေးသားခဲ့သော ဝတ္ထုတိုလေးတစ်ပုဒ်ကို အမှီပြုထားခြင်းဖြစ်သည်။ လူငယ်ကျောင်းသားကလေးကို ဘကြီးအောင်ဆိုသူ လူကြီးက လွယ်လွယ် ကတိပေး၍ လွယ်လွယ်ကတိဖျက်လိုက်ခြင်း အကြောင်းဖြစ်သည်။ ဤတွင် လူကြီး လူညာများကို ''ဘကြီးအောင်''ဟု ခိုင်းနှိုင်းခေါ်ခဲ့ကြလေသည်။ ဆရာမော်ဝန်းကြည်မြတ်က ''မြန်မာ့လူအဖွဲ့အစည်းတွင်းက ထောင်ပေါင်းများစွာသော ဘကြီးအောင်တွေ ယနေ့တိုင် ထင်ရှားခဲ့သလို အသစ်သစ်သော ဘကြီးအောင်တွေလည်း မွေးဖွားလာနေဆဲဖြစ်သည်''ဟု သုံးသပ်တင်ပြထားသည်။

''ကနောင်မင်းသား၊ ဗိုလ်ချုပ်အောင်ဆန်း၊ လှိုင်ထိပ်ခေါင်တင်၊ ဒေါ်ခင်ကြည်၊ စိန်ခြူးကြာညောင်၊ မျှော်တော်ယောင်''

ခေါင်းစဉ်ကြည့်၍ ဘာကြီးလဲဟု ကျွန်တော်ထင်မိသည်။ အသေအချာဖတ်ကြည့်မှ ကနောင်မင်းသားနှင့် ဗိုလ်ချုပ်အောင်ဆန်း၊

လှိုင်ထိပ်ခေါင်တင်နှင့် ဒေါ်ခင်ကြည်တို့၏ တိုက်ဆိုင်မှုများကို တွေ့ရသည်။ ဆရာသည် တော်တော်မြင်တတ်ပါလားဟု မှတ်ချက်ပြုမိသည်။

ဗိုလ်ချုပ်ကို ကျွန်တော်တို့က ''အရိုင်း''ဟု ထင်ကြသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ကြမ်းတမ်းခက်ထန်သော မြန်မာ့လွတ်လပ်ရေးခရီးတွင် အပြင်းနှင်နေရသဖြင့် လူကြမ်း၊ စိတ်ကြမ်း ဖြစ်နေရသည်ဟု ထင်မှတ်ထားကြသည်။ သို့သော် ကျွန်တော်တို့ ဗိုလ်ချုပ်ကလည်း အသည်းနှင့်ပါတကား ''ဗိုလ်ချုပ်နှင့် သက်ဝေ''ကိုရှု။

ဘယ်ဗိုလ်ချုပ်လဲဟု မမေးပါနှင့်။ ဆရာ့စကားအတိုင်းပြောရသော် မြန်မာပြည်သူတို့၏ နှလုံးသားတွင် ကိန်းအောင်းနေသော ဗိုလ်ချုပ်တစ်ဦးသာရှိသည်။ ထိုဗိုလ်ချုပ်သည်ကား အာဇာနည်အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း။

အပုဒ်(၃၀)မြောက် နောက်ဆုံးဆောင်းပါး ''လူစိတ်ရှိသော ခွေးလိမ္မာနှင့် ဘီလူးစီးနေသော ခွေးသခင်''ကို တွေ့လိုက်ရသည်။ ကျွန်တော် လန့်သွားပါသည်။ ထိုဆောင်းပါးကို ကျွန်တော် Right Time ဂျာနယ်တွင် ဖတ်ဖူးပြီးသားဖြစ်သည်။ ယခု ထပ်မဖတ်ရဲတော့။ ဆရာ၏ တင်ပြပုံကောင်းလှသဖြင့် ရင်ထဲတွင် နင့်နေအောင် စွဲနေသည်။ ခွေးတစ်ယောက်နှင့် လူတစ်ကောင်အကြောင်းဖြစ်သည်။ ဆရာက ''ဓမ္မနှင့် အဓမ္မ''ဟု သုံးသပ်ပြသည်။ ကျွန်တော်ကတော့ ''ယုံကြည်မှုနှင့် ရက်စက်ကြမ်းကြုတ်မှု''ဟု မြင်သည်။ သခင့်အပေါ် ယုံကြည်မိသော ခွေးတစ်ကောင် နှင့် လူစိတ်ကင်းမဲ့နေသော အကြမ်းဖက်သမားတစ်ယောက်အကြောင်း ရေးဖွဲ့ထားခြင်းဖြစ်သည်။ အနီးစပ်ဆုံးဥပမာ မြင်အောင်ပြရလျှင် ကျောင်းသားသပိတ်နှင့် ရက်စက်စွာ အကြမ်းဖက်ဖြိုခွဲမှုအကြောင်း နှိုင်းယှဉ်ခံစားကြည့်နိုင်သည်။

ဆရာ၏အမှာတွင် ''ယခု ...ကျွန်တော်၏ ကလောင်မြားတံ(၃၀)''ကို တော့၊ ပစ်မှတ်တွေရှိရာသို့ ချိန်ရွယ်ပစ်လွှတ်လိုက်သည်။ ကလောင်မြား တံများသည် တံတိုင်းအထပ်ထပ်ကို ဖောက်ထွင်း၍ ပစ်မှတ်ရှိရာသို့ အဟုန်ပြင်းစွာဖြင့် ပျံသန်းနေကြသည်။

ထိုမြားတံများ ပစ်မှတ်ကို ထိမှန်သည်လား၊ သို့မဟုတ် လွဲချော်မည်လား။

ဤအဖြေသည် ချစ်စွာသော စာဖတ်သူများ၏ နှလုံးသား အဆုံးအဖြတ်နှင့် သက်ဆိုင်လိမ့်မည် ထင်ပါသည်တဲ့။

ကျွန်တော့်ရင်ထဲ နှလုံးသားထဲတွင်တော့ မြားအစင်းစင်း စူးဝင် လျက်ရှိနေပါသည်။ သို့သော် ''မာမာအေး''၏ ''အချစ်မြား''ကဲ့သို့ပင် နုတ်လည်းမနုတ်ချင်၊ နုတ်လည်း မနုတ်ရက်နိုင်ပါ။

**နေဝင်းစံ**

*

## စာရေးသူထံမှ အမှာစာ

ကျွန်တော် လုံးချင်းစာအုပ် မထွက်ဖြစ်ခဲ့သည်မှာ သုံးနှစ်နီးပါးကြာမြင့်ခဲ့ပြီ။ ထုတ်ဝေသူထံမှ စာမူခယူပြီးသော စာအုပ်နှစ်အုပ်ရှိသော်လည်း အကြောင်းကြောင်းကြောင့် ယနေ့တိုင် စာအုပ်ဖြစ်မလာခဲ့။ စာရေးဆရာတစ်ယောက်အဖို့ နစ်နာလွန်းလှသည်။

တစ်နေ့ ...

ကျွန်တော့်ခံစားမှုကို နားလည်ပေးသော ဆရာနေဝင်းစံက ဂျာနယ်အချို့တွင် ကျွန်တော်ရေးသားခဲ့သည့် ဆောင်းပါးများကို စာအုပ်အဖြစ် ထုတ်ဝေပေးမည် ...ဟူသော မင်္ဂလာစကားဖြင့် ကမ်းလှမ်းလာသည်။

သည်အခါ ကျွန်တော်၏ သတင်းစာ၊ ဂျာနယ်ဆောင်းပါးများအနက်၊ ယနေ့ခေတ်၏ နိုင်ငံရေးအခင်းအကျင်းနှင့် အံဝင်ခွင်ကျဖြစ်နိုင်မည့် ဆောင်းပါးအချို့ကိုရွေးချယ်ရသည်။

ဤစာအုပ်ပါ ဆောင်းပါးများသည် မြန်မာသံတော်ဆင့်၊ မန္တလေးအရုဏ်ဦး၊ အလင်းတန်း၊The right Time New ဂျာနယ်များနှင့် စံတော်ချိန် သတင်းစာတွင် ဖော်ပြပြီး ဆောင်းပါးများဖြစ်သည်။

*

ယုံကြည်ချက်ဖြင့် စာပေရေးသားနေကြသူတိုင်းသည် (ကလောင်သက်ရင့်သည်ဖြစ်စေ၊ ကလောင်သက်နုသည်ဖြစ်စေ၊ ပစ်မှတ်တစ်ခုခုကို

ချိန်ရွယ်ပစ်ခတ်လေ့ရှိသော လေးသည်တော်များဖြစ်ကြသည်။ မိမိတို့၏လက်ထဲမှ ကလောင်သည် မြားတံဖြစ်သည်။ မြားတံအဖြစ် အသုံးပြုသော မိမိ၏ကလောင်ကို မိမိချိန်ရွယ်သည့် ပစ်မှတ်သို့ ထိမှန်အောင် ပစ်လွှတ်ရာတွင် ပစ်မှတ်၏ဗဟိုစက်ဝန်းအလယ်သို့ တိုက်ရိုက်ထိမှန်သည်မျိုးလည်း ရှိနိုင်သလို၊ ပွတ်ကာသီကာ လွဲချော်သွားသည်မျိုးလည်း ရှိတတ်သည်။

မည်သို့ဆိုစေ ...

ယခု ...ကျွန်တော်၏ ကလောင်မြားတံ 'သုံးဆယ်'ကိုတော့၊ ပစ်မှတ်တွေရှိရာသို့ ချိန်ရွယ်ပစ်လွှတ်လိုက်ပြီ။ ကလောင်မြားတံများသည်၊ တံတိုင်းအထပ်ထပ်ကို ဖောက်ထွင်း၍ ပစ်မှတ်ရှိရာသို့ အဟုန်ပြင်းစွာဖြင့် ပျံသန်းနေကြပြီ။

ထိုမြားတံများသည် ပစ်မှတ်ကို ထိမှန်မည်လား၊ သို့မဟုတ် ...လွဲချော်မည်လား။ ဤအဖြေသည် ချစ်စွာသော စာဖတ်သူများ၏ နှလုံးသား၊ အဆုံးအဖြတ်နှင့် သက်ဆိုင်လိမ့်မည် ထင်ပါသည်။

မော်ဝန်းကြည်မြတ်

*

## စာရေးသူ၏ ထုတ်ဝေပြီးစာအုပ်များ

၁။ ရင်ခွင်သစ်မှာ နားခိုပါရစေ (လုံးချင်းဝတ္ထုရှည်)

**၁၉၇၆ ခုနှစ်**

၂။ အစတေးခံနှလုံးသားများ (လုံးချင်းဝတ္ထုရှည်)

**၁၉၇၉ ခုနှစ်**

၃။ သီဟနန္ဒမျိုးဆက်သစ် (ဝတ္ထုတိုပေါင်းချုပ်)
(၁၉၉၄ ခုနှစ်၊ စာပေဗိမာန် လူငယ်စာပေဆုရ)

**၁၉၉၆ ခုနှစ်**

၄။ သူနှင့် သူချစ်သော ပြည်သူ (အတ္ထုပ္ပတ္တိ)

**၂၀၀၃ ခုနှစ်**

၅။ ပါတော်မူ ကြေးနန်းစာနှင့် သမိုင်းတစ်ခေတ်၏ ပွဲတင်သံများ
(သမိုင်းရသ ဆောင်းပါးပေါင်းချုပ်)

**၂၀၀၅ ခုနှစ်**

၆။ စာပေဝိညာဉ်လိပ်ပြာများ၏ အရဏ်သစ်များ
(စာပေရသ ဆောင်းပါးပေါင်းချုပ်)

**၂၀၀၆ ခုနှစ်**

၇။ ဂီတကြွင်းပျော်များ

(ဂီတရသ ဆောင်းပါးပေါင်းချုပ်)

(၂၀၀၈ ခုနှစ်၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုရ)

## ၂၀၀၇ ခုနှစ်

၈။ ဝီရအရဏ်နှင့် အမှောင်လှိုင်းများ ဝေးဝေးနှင်

(မဂ္ဂဇင်းဝတ္ထုတိုပေါင်းချုပ်)

## ၂၀၀၉ ခုနှစ်

၉။ စာပေကြွင်းရိပ်ဝယ် - (စာပေရသ ဆောင်းပါးပေါင်းချုပ်)

## ၂၀၁၀ ခုနှစ်

၁၀။ နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ခံ အဝေးရောက်မင်း ဦးအောင်ကြီး၏

ဘဝအတ္ထုပ္ပတ္တိအကျဉ်းနှင့် စာပေကဗျာ ဂီတအလင်္ကာ

## ၂၀၁၁ ခုနှစ်

**ယခု**

မြားအစင်းစင်း

(ဂျာနယ်ဆောင်းပါးများ စုစည်းမှု)

**ဆက်လက်ထုတ်ဝေမည့်စာအုပ်များ**

ထီးရိပ်နန်းရိပ် ကြွင်းရိပ်

(သမိုင်းနောက်ခံ မဂ္ဂဇင်းဝတ္ထုတိုများ) အရုဏ်ဦး အလင်းတန်းများ

(နိုင်ငံရေး၊ စာပေ၊ ဂီတ ...ရသစုံ ဂျာနယ်ဆောင်းပါးများ စုစည်းမှု) ဂီတနက်သန် ဂန္ထဝင်ရေစီး

(ဂီတနက်သန် ကိုစောညိန်းနှင့် ဂီတနက်သန် ဦးအုန်းလွင်တို့၏ ဘဝ

ပုံရိပ်နှင့် ဂီတဖြတ်သန်းမှု စာတမ်း)

*


နိုင်ငံတော်သမ္မတကြီး (အငြိမ်းစား) ဦးနေဝင်း၏ကြေညာချက်

(ကြော်ငြာ)

# နန်းကျာဘုရင်အိုကြီး၏ သတင်းစာကြော်ငြာ

အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးမူကို စာဖတ်သူအတော်များများ မြင်ဖူး၊ တွေ့ဖူးကြချေမည်။ ဗိုလ်ချုပ်၏ အခြားသော လက်ရေးမူများကို မတွေ့ဖူးကြသည့်တိုင် ဇနီးဖြစ်သူ 'ဒေါ်ခင်ကြည်ထံသို့' ပဲပြုတ်နဲ့ နံပြားရရင်စားချင်တယ်'ဟူသော ပေးစာလေးကိုတော့ မြင်ဖူး၊ တွေ့ဖူးကြပြီး ဖြစ်မည်ထင်သည်။

ကောင်းပြီ။ တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေး(မူ) ကို မြင်ဖူးကြသူများသည် တပ်မတော်၏ ဒုတိယဖခင်ဟုဆိုသော ဗိုလ်ချုပ်ကြီး နေဝင်း(ဦးနေဝင်း)၏ လက်ရေး(မူ)ကို မြင်ဖူးကြ

ပါသလား။ မမြင်ဖူးသူများအတွက် အမှတ်တရ ပြန်လည်ဖော်ပြရင်း ဗိုလ်ချုပ်ကြီးနေဝင်း လက်ရေးစာအပေါ် ယနေ့ အမြင်၊ ယနေ့ အတွေးဖြင့် သုံးသပ်တင်ပြချင်သည်။

*

မကြာသေးမီတစ်ရက်က ကျွန်တော်၏စာဖိုင်တွဲဟောင်းတစ်ခုတွင် ဟောင်းနွမ်းဝါကြန့်နေသော သတင်းစာကြော်ငြာတစ်ခုကို တွေ့ရှိခဲ့ရသည်။ ကြည့်လိုက်တော့ ...၁၉၉၂ ခုနှစ် မေလ ၅ ရက်နေ့ထုတ် 'လုပ်သားပြည်သူ့ နေ့စဉ်'သတင်းစာမှ ကြော်ငြာဖြစ်နေသည်။ (ကျွန်တော်ကိုယ်တိုင် အမှတ်တရ သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။)

ကြော်ငြာခေါင်းစီးတွင်...'နိုင်ငံတော်သမ္မတကြီး(အငြိမ်းစား) ဦးနေဝင်း၏ ကြေညာချက်' ဟူ၍ ဖော်ပြထားပြီး 'အငြိမ်းစားသမ္မတနေဝင်း၏ သက်ဆိုင်သူများအား မေတ္တာရပ်ခံချက်'ဟူသော စာသားနှင့်အတူ ...'အစိုးရနယ်ဘက်၊ စစ်ဘက်၊ ရုံးများ၊ ဌာနများတွင် ကျွန်တော်၏ဓာတ်ပုံများ ချိတ်ဆွဲထားခြင်းကို ပယ်ဖျက်ကြပါရန်နှင့် နောင်တွင်လည်း မချိတ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်' ဟူသော စာကြောင်းများအောက်တွင် 'နေဝင်း'ဟု လက်မှတ်ရေးထိုးထားသည်။ ရက်စွဲက ...မေလ (၄)ရက်၊ ၁၉၉၂ ခုနှစ် ...။

ခေါင်းစီးစာတန်းမှလွဲလျှင် ကျန်သည့်စာသားများမှာ ဦးနေဝင်း၏ လက်ရေးဖြစ်ကြောင်း အခိုင်အမာဆိုချင်သည်။(အလားတူ ...ဦးနေဝင်း၏ လက်ရေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ကွယ်လွန်ခဲ့စဉ်က ဦးနေဝင်းကိုယ်တိုင် ပြည်သူပိုင်သတင်းစာများတွင် 'ကျွန်တော်သိသည့် ဝန်ကြီးချုပ် ချူအင်လိုင်း'ဟူသော ခေါင်းစဉ်ဖြင့် ဝမ်းနည်းကြောင်း ကြေညာချက်တစ်စောင် ရေးသားခဲ့ဖူးကြောင်း မှတ်မိ

နေသည်။)

၅-၅-၁၉၉၂ ရက်ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာပါ ဦးနေဝင်း၏ ကြေညာချက်သည် ယခုအခါ ၂၂ နှစ်မျှ ကြာမြင့်ခဲ့ချေပြီ။

အဆိုပါကြေညာချက်ကို တွေ့ရှိစဉ်က ကျွန်တော်သည် ရဲဘော်သုံးကျိပ်ဝင်လည်း ဖြစ်ခဲ့သော၊ ကာကွယ်ရေးဦးစီးချုပ်လည်း ဖြစ်ခဲ့သော၊ ၁၉၆၂ ခုနှစ် အာဏာသိမ်းစစ်ခေါင်းဆောင်လည်းဖြစ်ခဲ့သော၊ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌလည်းဖြစ်ခဲ့သော၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌလည်းဖြစ်ခဲ့သော၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၏ သမ္မတကြီးလည်း ဖြစ်ခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်း (တစ်ဖြစ်လဲ)ဦးနေဝင်း၏ လက်ရေးကို အမှတ်တရ သိမ်းဆည်းထားရန် သတင်းစာမှ ဖြတ်ယူထားလိုက်ခြင်းသာဖြစ်သည်။ ယင်း ကြေညာချက်အပေါ် (ထိုစဉ်က) ကျွန်တော်၏ အမြင်သည် သာမန်စာဖတ်သူ တစ်ဦး၏ အမြင်မျိုးသာဖြစ်သည်။ 'သူ၏ဓာတ်ပုံများကို ၄-၅-၁၉၉၂ ရက်မှစတင်၍ စစ်ဘက်၊ နယ်ဘက်၊ ဌာနဆိုင်ရာရုံးများတွင် ချိတ်ဆွဲခြင်းမပြုပါနှင့်တော့'ဟူ၍ ဦးနေဝင်းကိုယ်တိုင်က သက်ဆိုင်သူများအား လူသိရှင်ကြားအသိပေးခြင်း ...အဖြစ်သာ သဘောထားခဲ့သည်။ သည့်ထက်မပိုခဲ့။

ဒီမိုကရေစီနည်းကျ တရားဝင်ရွေးကောက်တင်မြှောက်ထားသော နိုင်ငံတော်အစိုးရအား လက်နက်အားကိုးဖြင့် စစ်အာဏာသိမ်းယူသည့် ၁၉၆၂ခု၊ မတ်လ ၂ ရက်နေ့ ...နောက်ပိုင်းမှသည် ...၄-၅-၁၉၉၂ ရက် မတိုင်မီအထိ စစ်ဘက်၊ နယ်ဘက်နှင့် ဌာနဆိုင်ရာ ရုံးခန်းများတွင် နှစ်ပေါင်းများစွာ နေရာယူခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်း(ဦးနေဝင်း)၏ ဓာတ်ပုံအချို့ကို ပြန်လည်မြင်ယောင်မိသည်။

မှတ်မိသလောက် ...စစ်ဗိုလ်ချုပ်ကြီး အဆောင်အယောင်ဖြင့် (ကိုယ်တစ်ပိုင်း)ဘေးစောင်းပုံတစ်ပုံ။ ယင်းစစ်ဝတ်စုံဖြင့်ပင် ရှေ့တည့်တည့်မှ ရိုက်ကူးထားသော ကိုယ်တစ်ပိုင်းပုံ။ ပြီးတော့ ...စစ်ဗိုလ်ချုပ်ကြီးအဖြစ်မှ အရပ်သားအသွင်သို့ ဝတ်စုံပြောင်းလဲလိုက်ချိန် သူ့ကိုယ်သူ နိုင်ငံတော်သမ္မတအဖြစ် ခန့်အပ်ပြီးစတွင် ရိုက်ကူးထားဟန်တူသော မောင့်ကျက်သရေခေါင်းပေါင်း၊ မြန်မာအမျိုးသားဝတ်စုံဖြင့်(မျက်နှာပြည့်)ကိုယ်တစ်ပိုင်းပုံ ...စသည်များ။ (ထိုစဉ်က ...အစိုးရဌာနဆိုင်ရာ ရုံးခန်းများတွင် ဗိုလ်ချုပ်ကြီးနေဝင်း(နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း)၏ ဓာတ်ပုံများနှင့် အရွယ်တူ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံကိုလည်း ယှဉ်တွဲချိတ်ဆွဲထားကြောင်း မှတ်မိနေသည်။)

ထိုဦးနေဝင်းက ...သူ၏ဓာတ်ပုံများကို ၄-၅-၁၉၈၂ ရက်မှ စတင်၍ လုံးဝချိတ်ဆွဲခြင်းမပြုရန် ကြေညာချက်ထုတ်ပြန်လိုက်ချေပြီ။ ဤကြေညာချက်သည် သူ၏ဓာတ်ပုံကို သူကိုယ်တိုင် ဖြုတ်ချလိုက်သည့် အဓိပ္ပာယ်ဖြစ်သော်လည်း သူ၏ဆန္ဒသဘောဖြင့် ကြေညာခြင်းဟုတ်သည်၊ မဟုတ်သည်ကတော့ စဉ်းစားစရာတွေ ရှိနေသည်။

ကျွန်တော်ဉာဏ်မီသရွေ့ အတွေးလက်တံဆန့် မိသည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတစ်လျှောက်တွင် တို့ဗမာအစည်းအရုံးဝင် သခင်ရှုမောင်အဖြစ် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်နေဝင်းအဖြစ် ဖက်ဆစ်တော်လှန်ရေးကာလတွင် ဗိုလ်မှူးချုပ်နေဝင်းအဖြစ် သမိုင်းရှိခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်း(ဦးနေဝင်း)ကား ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှသည် သူ့ဘဝနေဝင်ချိန်အထိ သူ့သမိုင်းကို သူကိုယ်တိုင်ရေးသွားခဲ့သည်။ ရန်ကုန်တက္ကသိုလ် ဇူလိုင် ၇ ရက် အရေးအခင်း၊ ထို့နောက် အလုပ်သမားအရေးအခင်း၊ ဆရာကြီးသခင်

ကိုယ်တော်မှိုင်း ရာပြည့်အရေးအခင်း၊ ဦးသန့်အရေးအခင်း၊ နောက်ဆုံး ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီးအထိ ကျောင်းသား ပြည်သူ၊ ရဟန်းရှင်လူများ ပါဝင်ခဲ့ကြသည့် ပြည်သူ့လှုပ်ရှားမှုများအား စစ်တပ်ဖြင့် ချေမှုန်းခဲ့ခြင်းများက ဦးနေဝင်း၏လက်ကို သွေးစွန်းစေခဲ့သည်။

ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးတွင် ကျောင်းသားပြည်သူတို့သည် ခွပ်ဒေါင်းအလံနှင့်အတူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဓာတ်ပုံများကို ကိုင်ဆောင်၍ တပ်ဦးမှ ချီတက်ခဲ့ကြသလို ဦးနေဝင်း၏ ဓာတ်ပုံများကိုလည်း မီးတင်ရှို့ခဲ့ကြသည်။ နောက်ဆုံးတွင် ...သူကိုယ်တိုင်တည်ထောင်ခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် ပါတီဥက္ကဋ္ဌရာထူးရော၊ နိုင်ငံတော် သမ္မတရာထူးကိုပါ စွန့်လွှတ်ကျောခိုင်းပြီး သူ၏လက်ရင်းတပည့်များကို တစ်ဦးပြီးတစ်ဦး နန်းတင်ပေးရင်း မြန်မာပြည်၏ ဆွေးမြည့်နေပြီဖြစ်သော နာတာရှည်ရောဂါကြီးကို ကုစားရန် ကြိုးပမ်းခဲ့သေးသည်။

ပြည်သူလူထု၏ ပြည်လုံးကျွတ် အုံကြွလှုပ်ရှားမှုကြောင့် အစိုးရ အုပ်ချုပ်ရေး ယန္တရားများ ပျက်ပြယ်သွားချိန်၊ လူထုခေါင်းဆောင်အချို့နှင့် ပြည်သူလူထုက 'ကြားဖြတ်အစိုးရ' တောင်းဆိုလာချိန်တွင် (ဦးနေဝင်း၏ အစီအစဉ်ဖြင့်) စစ်အာဏာသိမ်းခြင်းများနှင့် ယဉ်ပါးနေကြသော စစ်ခေါင်းဆောင်များက ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးကို ရက်စက်စွာ ဖြိုခွင်း၍ စစ်အာဏာသိမ်းကာ န.ဝ.တ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့) အမည်ဖြင့် စစ်အာဏာရှင်စနစ်ကို အသက်သွင်းခဲ့ပြန်သည်။ (ဤအချိန်အထိ စစ်ဘက်၊ နယ်ဘက်၊ ဌာနဆိုင်ရာရုံးများတွင် ဦးနေဝင်း၏ ဓာတ်ပုံများသည် အာဏာသိမ်း စစ်ခေါင်းဆောင်၏ ဓာတ်ပုံနှင့်ယှဉ်တွဲလျက်ပင် ရှိနေသေးသည်။)

တစ်ဖက်တွင်လည်း လူထုခေါင်းဆောင်များက ပါတီအဖွဲ့အစည်းများ ဖွဲ့စည်းကာ န.ဝ.တ မှ ဦးဆောင်ကျင်းပပေးမည့် ၁၉၉၀ ပြည့်နှစ် ပါတီစုံ ရွေးကောက်ပွဲအတွက် လှုပ်ရှားပြင်ဆင်နေကြသည်။ ဒီမိုကရေစီအရေးတော်ပုံအတွင်း လူထုခေါင်းဆောင်တစ်ဦးဖြစ်လာသော 'ဒေါ်အောင်ဆန်းစုကြည်'၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်'တွင် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဝိညာဉ်များ ပြန်လည်ကိန်းအောင်းလာသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီအမှတ်အသား မဟုတ်သော်လည်း ပြည်သူလူထုက ပါတီအဖွဲ့အစည်းထဲတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် သက်ရှိထင်ရှားရှိနေဘိသို့ ခံစားနေကြသည်။

၁၉၉၀ ပြည့်နှစ် ပါတီစုံရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိသောအခါတွင် စစ်ခေါင်းဆောင်များသည် 'ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီး လွှတ်တော်ဖွဲ့စည်းပြီးပါက စစ်တန်းလျားသို့ ပြန်ကြမည်'ဟူသော သူတို့၏ ကတိကဝတ်ကိုဖျက်သိမ်းကာ အနိုင်ရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် ဘက်ပေါင်းစုံမှ ဖိနှိပ်ကြတော့သည်။ ပါတီခေါင်းဆောင်များ အကျဉ်းထောင်ထဲသို့ ရောက်ရှိသွားကြချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဝိညာဉ်သည် မျက်မှောက်ခေတ် မြန်မာ့ နိုင်ငံရေးမျက်နှာစာ၌ တစ်ဖန်ပြန်လည်မွေးဖွား ရှင်သန်လာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဝိညာဉ်ချင်း ဝတ်မှုန်ကူးမှုကို မည်သည့်အာဏာရှင်ကမျှ တားဆီးဖြိုခွင်းခြင်း မပြုနိုင်ကြ။

ဤအခြေအနေတွင် စစ်အာဏာရှင်များက ဒေါ်အောင်ဆန်းစုကြည်အပေါ် ပုဂ္ဂိုလ်ရေးအရ ဆန့်ကျင်ပုတ်ခတ်ရင်း သူတို့၏ မဟာဗျူဟာကို

ပြောင်းလဲလိုက်ကြတော့သည်။ ယင်းကား ...အခြားမဟုတ်။ အမျိုးသား ခေါင်းဆောင် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း၏သမိုင်းကို တမင်မှေးမှိန်အောင် ပြုလုပ်လိုက်ကြခြင်းဖြစ်သည်။ ဤကာလတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆက်နွှယ်သမျှ စာမျက်နှာများပေါ်တွင် 'တင်'ခွင့်မရကြ။ ဟောပြောခွင့် မရကြ။ ဌာနဆိုင်ရာရုံးများတွင် တရိုတသေ ချိတ်ဆွဲထားကြသော ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံများသည်လည်း မြေခကုန်ကြတော့သည်။ ယုတ်စွအဆုံး ...တစ်စုံတစ်ယောက်၏လက်ဝယ်၌ ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံကို တွေ့ရှိမှုဖြင့်ပင် 'တည်ဆဲဥပဒေ'ဟုဆိုသော နောက်ဆုံးပေါ် ပုဒ်ထီး၊ ပုဒ်မများဖြင့် ဖမ်းဆီးအရေးယူသည်အထိ ရမ်းကားခဲ့ကြသည်။

'နိုင်ငံ့လွတ်လပ်ရေးအတွက် အသက်ပေးလှူခဲ့တဲ့ အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကို ကြည်ညိုတာဟာ အပြစ်လားဗျာ'ဟူ၍ စောဒက တက်ခွင့်မရှိ။

ဤတွင် ...စစ်အာဏာရှင်များက လက်ရှိစစ်ခေါင်းဆောင်၏ ဓာတ်ပုံကို နိုင်ငံတော်အကြီးအကဲအဖြစ် သိဒ္ဓိတင်ရန် ကြိုးပမ်းလာကြတော့သည်။ အခြားတစ်ဖက်တွင်လည်း 'အောက်လမ်း'နည်းဖြင့် ဉာဏ်နီဉာဏ်နက်တွေ တီထွင်၍ ခေါင်းချင်းဆိုင်ခဲ့ကြသည်။

သည်ကာလတွင် ...နန်းကျဘုရင်အိုကြီး 'ဦးနေဝင်း'သည် ပူးတွဲဖော်ပြပါ ကြေညာချက်ကို ကိုယ်တိုင်ရေးသား၍ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် တရားဝင်ထုတ်ပြန်ကြေညာလိုက်ရခြင်းဖြစ်သည်။ စစ်ဘက်၊ နယ်ဘက်၊ အစိုးရရုံး အဆောက်အဦများတွင် တပ်မတော်ဖခင် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံများ၊ ဖယ်ရှားခံရခြင်းနှင့်အတူ မြန်မာ့တပ်မတော်၏ ဒုတိယဖခင်ဟုဆိုသော ဗိုလ်ချုပ်

ကြီးနေဝင်း(ဦးနေဝင်း)၏ ဓာတ်ပုံများ ပျောက်ချင်းမလှ ပျောက်ကွယ်သွားရတော့သည်။

*

၁၉၈၈ ခုနှစ်မှသည် ...၁၉၉၂ ခုနှစ်အတွင်းကား ...

ပြည်သူ့ဒီမိုကရေစီတိုက်ပွဲအဆင့်ဆင့်အကြားတွင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်း၏ ဝိညာဉ်တစ်ဖန်ပြန်လည်ရှင်သန်လာခြင်း ...

စစ်ခေါင်းဆောင်အဆက်ဆက်က ဗိုလ်ချုပ်အောင်ဆန်း၏သမိုင်းကိုမှေးမှိန်ပျောက်ကွယ်သွားရန် ရည်ရွယ်ချက်ရှိရှိဖြင့် စီမံဆောင်ရွက်ခဲ့ခြင်း ...

လက်ရှိ စစ်အစိုးရအဖွဲ့ခေါင်းဆောင်၏ ဓာတ်ပုံသည်သာ နိုင်ငံတော်အကြီးအကဲ၏ တရားဝင်ဓာတ်ပုံဖြစ်ကြောင်း 'ဦးဖွ'မန်းမှုတ်၍ သိဒ္ဓိတင်ခဲ့ကြခြင်းတို့နှင့် ...

နိုင်ငံတော်သမ္မတကြီး (အငြိမ်းစား)ဦးနေဝင်း၏ ၄-၅-၁၉၉၂ ရက်စွဲပါ ကြေညာချက်သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေမည်လား ...။

ကျွန်တော် ဉာဏ်မီသလောက် အတွေးလက်တံဆန့်မိခြင်းဖြစ်သည်။

စာဖတ်သူများကရော ...မည်သို့ ထင်မြင်ယူဆကြပါသလဲ။

*